**၂၀၁၇ ခုနှစ်**
**တက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**မြန်မာစာ** **ခွင့်ပြုချိန်(၃)နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) အောက်ပါတို့အနက် **တစ်ခု** အကြောင်းကို ဖော်ပြပါ။ (၅မှတ်)
စဉ့်ကွင်းစာ၊ဇကွဲပြောင်းလဲပုံ၊ဖွဲ့စည်းတည်ဆောက်ပုံအရကြိယာဝိသေသန(၃)မျိုး၊
ဝိဘတ်သွယ်ပုဒ်(၅)မျိုး ၊ စကားအထားအသို ။

(ခ) အောက်ပါတို့မှ**လေးခု**ကိုရွေးချယ်၍မည်သည့်ကြိယာပစ္စည်းဖြစ်ကြောင်းဖော်ပြပါ။ (၄မှတ်)
ပေါ့လေ ၊ မ ၊ ပါ ၊ ကြကုန် ၊ နည်း ၊ လဲ ။

(ဂ) အောက်ပါတို့မှ **သုံးခု**ကို လိုက်လျောပြဝိဘတ် အဖြစ် ဝါကျတွင်သုံးပြပါ။ (၆မှတ်)
အလိုက် ၊ အရ ၊ အတိုင်း ၊ အလျောက် ၊ အားလျော်စွာ ။

၂။ (က) အောက်ပါဝေါဟာရတို့အနက် **ငါးခု**၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅မှတ်)
အပါချ၊ထောင်ကနက်၊ဩဇာတိက္ကမ၊မှတ်ပိုက်၊၊မှန်ကူ၊မင်္ဂ၊ပြက်သိကာ၊သဗ္ဗ။

(ခ) အောက်ပါဝေါဟာရတို့အနက် **ငါးခု**ကို ဝါကျအသီးသီးတွင်သုံးပြပါ။ (၅မှတ်)
တစ်ပတ်နွှမ်း၊ကျိုး၊ပုရစ်၊တံစို့၊သောင်းပြောင်း၊အထီးကျန်၊ဘဝင်္ဂ၊ဝေါယာဉ်။

(ဂ) အောက်ပါအလင်္ကာတို့အနက်**ငါးခု**ကိုသက်ဆိုင်ရာသင်ခန်းစာများတွင်မည်သို့
သုံးထားကြောင်းနှင့် အဘယ်ကြောင့်ထိုအလင်္ကာမြောက်ကြောင်းရှင်းပြပါ။ (၁၀မှတ်)
ပွဲသဘင်ကဲ့သို့ (ဥပမာ)၊ ငွေတောင်ကြီးအသွင် (ဥပမာ)၊ ကဗျာကောင်းကင်(ရူပက)၊
ဉာဏ်တန်ဆောင် (ရူပက)၊ တစ်နပ်စားမကြံ (ဝဏ်ဝုတ္တိ)၊ အစိမ်းဖမ်း (ဝဏ်ဝုတ္တိ)၊
မိုးခတ်အုန်း (မြည်သံစွဲ) ၊ ဖြုတ်မျက်လုံးလောက် (အတိသယဝုတ္တိ) ။

၃။ (က) အောက်ပါတို့မှ **ငါးခု**ကို ဖြေပါ။ (၅မှတ်)
(၁) ရွှေနှင့်ယိုးမှားပန်းစကားကဗျာသည် မည်သည့်ကဗျာအမျိုးအစားဖြစ်သနည်း။
(၂) မင်းဧကရာဇ်တို့ ဝင်တော်မူရန် တီးသောစည်ကို ဖော်ပြပါ။
(၃) ရာပြည့်အိုင်ဟု အဘယ်ကြောင့် ခေါ်သနည်း။
(၄) ရကန်ကို မည်သည့်စပ်နည်းဖြင့် အများဆုံး စပ်ဆိုလေ့ရှိသနည်း။
(၅) ဒုံးချင်း ကခုန်ရာတွင် မည်သို့ ကခုန်လေ့ရှိသနည်း ။
(၆) အချုပ်တန်းဆရာဖေသည် ရှမ်းပြည်မှ မည်သူ့ထံတွင် ခိုလှုံခဲ့သနည်း။
(၇) ဦးပုညသည် ရှင်လူထွက်ပြီး မည်သူ့ထံတွင် ခစားသနည်း ။
(၈) ငွေတာရီသည် မင်းယုဝေနှင့်တွဲဖက်၍ မည်သည်ကို ဘာသာပြန်ခဲ့သနည်း။

(ခ) ဝိဓုရာသိပ္ပလူ့ကိစ္စကဗျာမှ ပညာ၏တန်ဖိုးကြီးမားပုံကို မှတ်သားဖွယ် တင်ပြပါ။ (၁၀မှတ်)

**(သို့မဟုတ်)**

တပေါင်းညာကျင်ကဗျာမှ သဘာဝကြောင့်ဖြစ်ပေါ်လာရသည့် အလွမ်းခံစားချက်ကို
စာဆိုက မည်သို့ သရုပ်ဖော် ဖွဲ့နွဲ့တင်ပြ ထားသနည်း။

**[ တစ်ဖက်သို့**

၄။ (က) အောက်ပါတို့မှ ငါးခု ကို ဖြေပါ။ (၅မှတ်)

(၁) သိဃ်သူ့သမီးသည် မည်သူ၏မြေး ဖြစ်သနည်း။

(၂) မြန်မာစာပေတွင် အရေးတော်ပုံကျမ်း မည်မျှ ရှိသနည်း။

(၃) ဦးပေါင်းကျားနှင့် မြင်းကျားရှင်ကို မည်သူရေးသနည်း။

(၄) လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ဇာတိကိုဖော်ပြပါ။

(၅) မဟာဆွေသည် ဟာသဝတ္ထုများကို မည်သည့် အမည်ဖြင့် ရေးခဲ့သနည်း။

(၆) ရွှေဥဒေါင်း၏ အမည်ရင်းကို ဖော်ပြပါ။

(၇) သော်တာဆွေ အမျိုးသားစာပေဆုရ ဝတ္ထုတိုပေါင်းချုပ်အမည်ကို ဖော်ပြပါ။

(၈) မြန်မာမှုကို မည်သည့်ခေတ်တွင် ရေးသနည်း။

(ခ) ခွန်အားရှိသောစာ စကားပြေမှ လမ်းညွှန်ချက်များကို ဖြေဆိုပါ။ (၁၀မှတ်)

**(သို့မဟုတ်)**

စီးချင်းတိုက်ပွဲစကားပြေ အရေးအသားနှင့် ရသကို ဆွေးနွေးတင်ပြပါ။

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ (၇မှတ်)

"ဘုန်းကြွယ်ရွှေကိုယ် ၊ မြိုင်ဦးမှာခိုခဲ့လျှင်၊ ငြိုငြင်နွမ်းညစ်၊ မျက်စိသူငယ်၊ သူ့တိုင်းလယ်မှာ၊ မယ်နေရစ်ပါဘူး၊ လမ်းဆစ်တဲ့မြိုင်ပေါ်သို့၊ကိုယ်တော်နှင့်လိုက်ပါတော့မည် ဘုရား "။

(ခ) ရေသည်ယောက်ျား၏ပုံပန်းသွင်ပြင်နှင့်ဝတ်စားဆင်ယင်ပုံ**(သို့မဟုတ်)**ဥဒယမင်းကြီး၏ သူတော်ကောင်း စိတ်ထားကို သုံးသပ်ပါ။ (၈မှတ်)

၆။ အောက်ပါတို့အနက် <u>**တစ်ခု**</u>ကို ပေးထားသော ပုံကြမ်းနှင့်အညီ စာစီကုံးပါ။ (အမှတ်၂၀)

(က) **ညနေဆည်းဆာ**

ညနေဆည်းဆာဟူသည်၊အပူချိန်လျော့နည်းလာပုံ၊ ပတ်ဝန်းကျင်မြင်ကွင်းများ ၊ လုပ်ငန်းခွင်မှ အိမ်အပြန်မြင်ကွင်းများ၊ အလှအပနှင့်ခံစားမှုများ ၊နေဝင်သွားပုံ ၊ ဆည်းဆာအလှ ခံစားခဲ့ကြသည့် စာဆိုတို့၏စာပေများ၊မိမိအတွေးနှင့်ခံစားချက်။

(ခ) **စည်းလုံးခြင်းသည် အင်အား**

စည်းလုံးခြင်းဟူသည်၊စည်းလုံးခြင်းမရှိသဖြင့်ပျက်စီးခဲ့ရပုံများ၊စည်းလုံးခြင်းဖြင့် အောင်မြင်ခဲ့ရပုံများ၊ပုံပြင်များ၊စကားပုံများ၊ လက်တွေ့ဖြစ်ရပ်များ၊တိုင်းပြည်တွင် စည်းလုံးခြင်းရှိရန် လိုအပ်ပုံ။

(ဂ) **စာအုပ်စာပေ လူ့မိတ်ဆွေ**

စာအုပ်စာပေများတွင်အသိအလိမ္မာများကိန်းဝပ်ပုံ၊ စာဖတ်ခြင်းကြောင့်ရရှိသော အကျိုး ကျေးဇူးများ၊စာဖတ်ခြင်းသည် အချိန်ကိုကောင်းစွာအသုံးချခြင်းမည်ပုံ ၊ စာအုပ်စာပေသည်လူတို့၏မိတ်ဆွေကောင်းဖြစ်ပုံ၊ မိမိအမြင်နှင့်သုံးသပ်ချက်။